## ၁၀။ ကပ္ပိယနှင့် ဒုလ္လဘရဟန်း

Dr. အောင်သူ ။ ။ ဒုလ္လဘရဟန်းဝတ်နဲ့ ကပ္ပိယလုပ်လို့ရသလား ဘုရား။

M.Sc ကျောင်းသား ။ ။ ကျောင်းပိတ်တဲ့အခါမှာ တပည့်တော်လည်း ဒုလ္လဘရဟန်းဝတ်နဲ့ ကပ္ပိယလုပ်မလို့ စဉ်းစားနေတာပါဘုရား။

ဆရာတော် ။ ။ မရဘူး၊ ဒုလ္လဘရဟန်းဖြစ်နေပါစေ၊ ရဟန်းတစ်ပါး စောင့်ထိန်းထားရတဲ့သီလနဲ့ ကပ္ပိယတာဝန် ဆောင်ရွက်လို့ မရနိုင်ပါဘူး။

Dr. အောင်သူ ။ ။ ဒုလ္လဘရဟန်းက ဘုရားလက်ထက်က ရှိခဲ့ဖူးပါသလားဘုရား။

ဆရာတော် ။ ။ ရှိတယ်၊ လဲဘူးဆရာတော်ကြီးမိန့်တော်မူဖူးတာက *"ဒုလ္လဘရဟန်း ပြုတယ်ဆိုတာကလည်း ဘုရားရှင်*

*လက်ထက်က စခဲ့တာပါပဲ ဦးခေမာ၊ စိတ္တဟတ္ထမထေရ် အလောင်းအလျာဟာ ခြောက်ကြိမ်တိုင်တိုင် လူထွက်ပြီး ခုနှစ်ကြိမ်ကျမှ ရဟန္တာဖြစ်တာလေ။ ဘုရားရှင်ရဲ့ သာသနာတော်မှာ ပါရာဇိကသာမကျသေးရင် ဘယ်နှစ်ကြိမ် ဝတ်သည် ဖြစ်စေ ဘုရားရှင်က ခွင့်ပြုတော်မူထားပြီး ဖြစ်ပါတယ်။”*

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

M.Sc ကျောင်းသား ။ ။ ဒုလ္လဘဆိုတာက ဘယ်လိုအဓိပ္ပါယ် ရပါသလဲ ဘုရား။

ဆရာတော် ။ ။ ရဖို့ခဲယဉ်းတာကို ခေါ်တယ်။ လောကမှာ ရဖို့ခဲယဉ်းတဲ့ ဒုလ္လဘတရား (၅)ပါး ရှိပါတယ်။

M.Sc ကျောင်းသား ။ ။ အဲဒီငါးပါးကိုလည်း သိချင်ပါသေးတယ် ဘုရား။

ဆရာတော် ။ ။ ၁။ ဘုရားသာသနာတော်နှင့် ကြုံကြိုက်ဖို့ရန် ခဲယဉ်းတာကို ဗုဒ္ဓုပ္ပါဒ ဒုလ္လဘတဲ့၊ ၂။ လူ့ဘဝရဖို့ ခဲယဉ်းတာကို မနုဿတ္တ ဒုလ္လဘတဲ့၊ ၃။ ရဟန်းအဖြစ်ရဖို့ ခဲယဉ်းတာကို ပဗ္ဗဇ္ဇိတ ဒုလ္လဘတဲ့၊

၄။ ကုသိုလ်ဖြစ်ဖို့ ခဲယဉ်းတာကို ခဏသမ္ပတ္တိ ဒုလ္လဘတဲ့၊ ၅။ ဘုရားဟောတရားတော်များကို စိတ်ပါဝင်စားစွာဖြင့် နာယူဖို့ခဲယဉ်းတာကို သဒ္ဓမ္မ သဝန ဒုလ္လဘတဲ့ မောင်ကျောင်းသား။

Dr. အောင်သူ ။ ။ ဒါဆိုရင် ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဒုလ္လဘတရားငါးပါးထဲက ရဟန်းဘဝရဖို့ ခဲယဉ်းတဲ့ ပဗ္ဗဇ္ဇိတဒုလ္လဘကို ခေါ်တာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ အခုအခါ ခေတ္တခဏ သင်္ကန်းဝတ်တဲ့ရဟန်းများကို ဒုလ္လဘရဟန်းလို့ ခေါ်ကြတာပါ။

---

ကျမ်းညွှန်း

* ဓမ္မပဒအဋ္ဌကထာ(အတွဲ-၁၊ နှာ-၁၉၄)

* ဧကကနိပါတအဋ္ဌကထာ၊ အစ္ဆရာသင်္ဃာတဝဂ္ဂဝဏ္ဏနာ (နှာ-၄၆)